မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၃ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၅)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ✳

3-4 (01).pmd 1 4/3/2010, 2:40 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဧပြီ ၃ ရက်)

အနာဂတ်၏ ကျန်းမာကြံ့ခိုင်သော သားကောင်းရတနာများ ပေါ်ထွန်းရေး ရင်သွေးငယ်များအား ပိုလီယိုကာကွယ်ဆေး မနှေးတိုက်ကျွေးပေး

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် တစ်မျိုးသားလုံး တက်ကြွစွာ လှုပ်ရှားဆောင်ရွက်သော ကျန်းမာရေးဆိုင်ရာလုပ်ငန်းကြီးဖြစ်သည့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၁၉၉၆ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ယခုနှစ် ''ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)''ကို ၂၀၁၀ခုနှစ် ဧပြီလ ၃ရက် (ယနေ့)ကို (ပထမအကြိမ်) အဖြစ်လည်းကောင်း၊ ၂၀၁၀ခုနှစ် မေလ ၁ရက် (စနေနေ့)ကို (ဒုတိယအကြိမ်)အဖြစ်လည်းကောင်း သတ်မှတ်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပိုလီယိုကင်းစင်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက အသက်ငါးနှစ်အောက်ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးတိုက်နေသကဲ့သို့ တစ်နိုင်ငံလုံးရှိ အသက်ငါးနှစ်အောက်ကလေးများအားလုံးကို ပိုလီယို ကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးနိုင်ရန်အတွက် ယခုကဲ့သို့ အမျိုးသားကာကွယ်ဆေး တိုက်ကျွေးနေ့များကို ကျင်းပပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ရှိသည့် ကလေးများအား ရောဂါခုနစ်မျိုးမှ ကင်းဝေးရန်ဆောင်ရွက်ရာတွင် ပိုလီယိုအကြောသေရောဂါကို အရေးကြီးသည့် ဦးစားပေးရောဂါတစ်ခုအဖြစ် သတ်မှတ်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပိုလီယိုရောဂါသည်မဖြစ်မီ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီး ကြိုတင်ကာကွယ်ထားသင့်ပေသည်။ ရောဂါကူးစက်ခံရပါလျှင် ရင်သွေးငယ်များအနေဖြင့် ငယ်စဉ်ကတည်းက ဒုက္ခိတဘဝ ရောက်ရှိသွားနိုင်သည့် ရောဂါမျိုးဖြစ်သည်။

ပိုလီယိုကာကွယ်ဆေးတိုက်လုပ်ငန်းဖြစ်သည့် ပိုလီယိုကာကွယ်ဆေးကို တစ်လခြားပြီး အနည်းဆုံးသုံးကြိမ် တိုက်ကျွေးခြင်း၊ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများကို အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ရောဂါကူးစက်နိုင်ခြေများသည့် နေရာများ၌ အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အနာဂတ်၏ ကျန်းမာကြံ့ခိုင်သော သားကောင်းရတနာများဖြစ်ရန် ''သားသမီးအပေါ် မေတ္တာထား၊ ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား''ဆောင်ပုဒ်အရ ယနေ့နိုင်ငံတော်က တိုက်ကျွေးမည့် ပိုလီယိုကာကွယ်ဆေးကို မွေးကင်းစမှစ၍ အသက်ငါးနှစ်အောက် ကလေးငယ်အားလုံး သောက်သုံးခွင့်ရရန် တိုင်းရင်းသားပြည်သူများက ပါဝင်လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့နယ် သတ္တဗလူကျေးရွာရှိ လူ့မိတ်ဆွေစာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်သစ်ဆိပ် စစ်ဆေး

နေပြည်တော် ဧပြီ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်လိုက်ပါလျက် မတ် ၃၀ရက် နံနက်ပိုင်းက လှိုင်ကော်မြို့နယ် သတ္တဗလူကျေးရွာ၌ ကျင်းပသည့် လူ့မိတ်ဆွေစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဝန်ကြီးက အမှာစကားပြောကြားကာ အလှူရှင်များက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်လုံးတို့ကို လှူဒါန်းသည်။

စစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ လှိုင်ကော်သစ်ဆိပ်၌ သစ်လုံးများနှင့် သစ်မြစ်ဆုံများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေတွဲ့ရ ကျောင်းသားကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေးမည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တက္ကသိုလ်(ပင်မ) ဥပဒေဌာနတွင် ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဥပဒေတွဲ့ရရှိခဲ့သော ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး အစည်းအဝေးကို ဧပြီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကိုသန့်ဇော် ဖုန်း-၀၉-၉၈၂၇၆၅၆၊ မမော်မော်ခင် ဖုန်း-၀၉-၅၀၂၉၉၅၈၊ ကိုမျိုးမြင့်အောင် ဖုန်း-၀၉-၅၁၆၉၄၁၉၊ ကိုမောင်မောင်နိုင် ဖုန်း-၀၉-၅၄၁၀၄၆၇၊ ကိုအောင်မြင့်ထွန်း ဖုန်း-၀၉-၅၁၅၄၂၂၆၊ ကိုစိန်တင် ဖုန်း-၀၉-၅၁၁၈၁၆၀၊ ၀၁-၃၈၆၉၄၂၊ ကိုကျော်မျိုးလွင် ဖုန်း-၀၉-၅၀၃၃၇၁၆၊ မယဉ်ယဉ်မြတ် ဖုန်း-၀၉-၅၁၃၂၉၁၁၊ ၀၁-၅၀၄၃၁၆၊ မအေးခင်ညွန့် ဖုန်း-၀၉-၈၆၀၀၁၅၆၊ ကိုအေးနိုင် ဖုန်း-၀၉-၅၁၄၈၁၆၄၊ ကိုသီဟသွင် ဖုန်း-၀၉-၅၁၀၇၇၀၀၊ ကိုဝင်းမြင့်ထူး ဖုန်း-၀၉-၅၀၈၁၄၀၇၊ မငွေငွေမြင့် ဖုန်း-၀၉-၅၅၀၃၁၀၉နှင့် မနေရီလင်း ဖုန်း-၀၉-၅၀၄၁၉၈၈ တို့သို့ ဧပြီ ၂၄ရက် နောက်ဆုံးထား၍ အလှူငွေများထည့်ဝင်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

(၁၃၅)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရောဂါပျောက်ရေးတရားဆေး** တရားတော် (ဆရာတော်အရှင်လာဘ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် [အထက-၂ (စိန့်ဂျွန်းကွန်ဗင့်) ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနား]
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၉)
- ၈:၃၀ Sports World (Goals)
- ၈:၅၅ ခါသကြံ့နှ်အဆိုအကများ
- ၉:၁၀ ဗုဒ္ဓနှစ် (၂၆၀၀) ပြည့် အထိမ်းအမှတ်ကြိုဆိုပွဲ
- ၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၂၅ **သူ့ဘဝ....သူ့လက်ရာ** ဦးတင်အေး(မန္တလေး)
- ၁၀:၄၀ Myanma Naples Beach & Aureum Palace Resort
- ၁၁:၁၀ သွားမယ်စားမယ်(iB Cafe)
- ၁၁:၄၀ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်းအောင်၊ သရုပ်ဆောင် ရတနာခင်)
- ၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် [အထက-၂ (စိန့်ဂျွန်းကွန်ဗင့်) ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနား]
- ၁၂:၄၀ ခါသကြံ့နှ်အဆိုအကများ
- ၁:၀၀ **ရောဂါပျောက်ရေးတရားဆေး** တရားတော် (ဆရာတော်အရှင်လာဘ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (We Love You Michael-2)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၉)
- ၄:၀၅ ခါသကြံ့နှ်အဆိုအကများ
- ၄:၃၀ **သူ့ဘဝ...သူ့လက်ရာ** ဦးတင်အေး(မန္တလေး)
- ၄:၄၅ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သာသနာ့အောင်ပွဲ
- ၄:၅၅ ဓာတ်တော်ဂြိုဟ်စေတီတော် ပန္နက်တင်မင်္ဂလာအခမ်းအနား
- ၅:၀၀ ဗုဒ္ဓနှစ် (၂၆၀၀) ပြည့် အထိမ်းအမှတ်ကြိုဆိုပွဲ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သံစဉ်များကိုထုဆစ် အလှဆင်သူများ (Pro Studio)
- ၆:၄၅ သွားမယ်စားမယ်(iB Cafe)
- ၇:၁၀ Fashion Music Festival (We Love You Michael-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Nokia မှသည် Handset ကမ္ဘာဆီသို့
- ၈:၅၅ သံစဉ်များကိုထုဆစ် အလှဆင်သူများ (Pro Studio)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၉)
- ၁၀:၀၀ ပြောင်းလဲလာမည့်...သင့်ကမ္ဘာ
- ၁၀:၁၀ ဓာတ်တော်ဂြိုဟ်စေတီတော် ပန္နက်တင်မင်္ဂလာအခမ်းအနား
- ၁၀:၁၅ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁၀:၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
- ၁၀:၄၀ **ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁၀:၅၅ Barclays Premier League Burnley Vs Man City

MRTV- 4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Man U- Chelsea	ESPN(Live)
၈:၂၅	Arsenal - Wolverhampton	ESPN (Live)
	Sunderland - Tottenham	Star Sports (Live)
၁၀:၃၀	Bolton - Aston Villa	Star Sports (SDD)
၁၀:၅၅	Burnley- Man City	ESPN (Live)

ရေကစားမဏ္ဍပ်များနှင့် အလှပြဖျော်ဖြေရေး မဏ္ဍပ်များ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်

ရန်ကုန် ဧပြီ ၂

မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေး၊ ခရီးသွားရဟန်းရှင်လူ မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးတို့အတွက် ရေကစားမဏ္ဍပ်များနှင့် အလှပြဖျော်ဖြေရေးမဏ္ဍပ်များကို စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောက်လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

တားမြစ်

မဏ္ဍပ်များကို လမ်းတစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင်၍ဆောက်လုပ်ခြင်းမပြုရဘဲ မျက်စောင်းထိုးအနေအထားတွင် ဆောက်လုပ်လိုပါက အနည်းဆုံး ကိုက်၁၀၀ခန့် ကွာဝေးရမည်ဖြစ်ပြီး ဘေးချင်းကပ် အနည်းဆုံး ပေ ၁၀၀ ကွာဝေးရမည်ဖြစ်သည်။ မဏ္ဍပ်များသည် မီးပွိုင့်ဧရိယာအတွင်းမဖြစ်စေရန်၊ စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များ မပျက်စီးစေရန်၊ လမ်းသားပေါ်တက်၍ ဆောက်လုပ်ခြင်းများ လုံးဝ(လုံးဝ)မပြုရန် တားမြစ်ထားသည်။

စီစဉ်ထား

ရေကစားမဏ္ဍပ်များ၊ အလှပြဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်လိုသည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကများသည် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် ဧပြီ ၃ရက် နောက်ဆုံးထား၍ လျှောက်လွှာများကိုရယူကာ သတ်မှတ်ထားသော ထောက်ခံချက်များ ပူးတွဲတင်ပြ ခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ကန်တော်ကြီးပတ်လမ်း၌ ၁၆ နေရာ၊ ပြည်လမ်း ရှစ်မိုင်မှ ဗိုလ်ချုပ်လမ်းအထိ ရှစ်နေရာ၊ ကမ္ဘာအေးစေတီလမ်း၌ လေးနေရာ၊ ဆရာစံလမ်းတစ်လျှောက်၌ ငါးနေရာ၊ ဗိုလ်ချုပ်ဈေးရှေ့နှင့် ဘုရင့်နောင်ဆပ်ပြာ ကုန်ကြမ်းစက်ရုံရှေ့တို့၌ တစ်နေရာစီ၊ ပန်းဆိုးတန်းလမ်း(ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကြား)၌ နှစ်နေရာနှင့် သာခုကန်ရှေ့၌ သုံးနေရာ မဏ္ဍပ်ကြီးများချထားပေးရန် သက်ဆိုင်ရာက စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၂ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ **Bank for Investment and Development of Vietnam (BIDV)** ကုမ္ပဏီလီမိတက်၏ ရန်ကုန်ကိုယ်စားလှယ်ရုံး ဖွင့်ခွင့်ပြုသည့်လက်မှတ်ကို **BIDV** ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌထံ ပေးအပ်စဉ်။ (သတင်း စာ - ၈)(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ အလုပ်သဘောခရီး ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chu Cong Phung၊ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ အလုပ်သဘောခရီးရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

** ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)နှင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ အလုပ်သဘောခရီး ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ခေတ္တတည်းခိုသည့် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်မှ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် အဆောက်အအုံအောက်ထပ်၌ ကျောက်မျက်ရတနာကုမ္ပဏီများက ခင်းကျင်းရောင်းချလျက်ရှိသည့် ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(အောက်ပုံ)**

ကြည့်ရှုလေ့လာ

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ဝန်ကြီးဌာနရုံးများ၊ သမ္မတအိမ်တော်အဆောက်အအုံနှင့် ပြည်သူ့လွှတ်တော်အဆောက်အအုံတည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာများ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန တည်ဆောက်ပြီးစီးမှု၊ နေပြည်တော်သီရိရတနာအဆင့်မြင့်ဈေးနှင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းအား ဗီယက်နမ်ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Le Nam Thang ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်အတူ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၄-၂၀၁၀

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၇)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **တစ်ခါကမိုးညများ** မြင့်မြတ်၊ ချစ်သုဝေ (ဒါရိုက်တာ-ကိုပေါက်)
၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၂၂)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ **စားဖို့ဆောင်ချစ်သူ**
၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၃)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၈)
၂၄။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၄)

လျှော်ငလျင်ဒဏ်ခံခဲ့ရသည့် ဟေတီနိုင်ငံသို့ နိုင်ငံတကာမှ ဒေါ်လာ ၁၀ဘီလီယံ ထောက်ပံ့မည်

ဂျီနီဗာ ဧပြီ ၂

ငလျင်ဒဏ်ခံစားရသည့် ဟေတီနိုင်ငံသားများအတွက် နိုင်ငံတကာအလှူရှင်များက အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ကူညီထောက်ပံ့ရန် သန္နိဋ္ဌာန်ချထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မတ် ၃၁ရက်၌ ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း

မျှော်မှန်းထား

နိုင်ငံတကာမှ အလှူရှင် ၅၀က ၂၀၁၀-၂၀၁၁ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅ဒသမ ၃ဘီလီယံအပါအဝင် အမေရိကန် ဒေါ်လာ ၉ဒသမ ၉ဘီလီယံ ပါဝင်လှူဒါန်းမည်ဖြစ်ရာ မျှော်မှန်းထားသည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံထက် များစွာ ပိုမိုနေသည်။

သုံးစွဲရန်

ရည်မှန်းချက်မှာ လာမည့်နှစ်နှစ်အတွင်း ဟေတီနိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဟေတီအစိုးရ၏ အမေရိကန်ဒေါ်လာ ၄ဘီလီယံ ကုန်ကျမည့် စီမံကိန်းအတွက် သုံးစွဲရန်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမ္မတအိုဘားမား အာဖဂန်သို့ရောက်ရှိ လုံခြုံရေးကိစ္စများ တိုက်တွန်းပြောကြား

အစ္စလမ္မာဘတ် ဧပြီ ၂

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့်အိန္ဒိယ စသည့်အိမ်နီးချင်းနိုင်ငံများအကြား ဖြစ်ပွားနေသော ပြဿနာမျိုးစုံကို ပြေလည်အောင် ဖြေရှင်းရန်နှင့် ဒေသတွင်းတည်ငြိမ်မှုရရှိအောင်ဆောင်ရွက်သွားရန် အာဖဂန်နစ္စတန်သို့ ရောက်ရှိလာကြောင်း ပါကစ္စတန်အရာရှိတစ်ဦးက မတ် ၃၀ရက်၌ ပြောကြား သည်။

သမ္မတအိုဘားမားက ပါကစ္စတန်ကို ချီးကျူးထောမနာပြုကြောင်း၊ ဆက်ဆံရေးများ တိုးတက်ကောင်းမွန်နေကြောင်း ပါကစ္စတန်ကာကွယ်ရေးနှင့် လုံခြုံရေးအကဲခတ်သမား အငြိမ်းစားဗိုလ်ချုပ်ဂျမ်ရှပ်အာယက်က ပြောကြားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်တွင် စီးပွားရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားရန် အမေရိကန်ကအားပေးကြောင်း၊ ပါကစ္စတန်ကိုလည်း နိုင်ငံရေးနှင့် လုံခြုံရေးပြဿနာရပ်များကို အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းဖြင့်လည်း အဆိုပါ အငြိမ်းစားဗိုလ်ချုပ်က ပြောကြားသည်။

(အင်တာနက်)

စီးပွားရေးတိုးတက်ရန် ဗီယက်နမ်ဝန်ကြီးချုပ် တိုက်တွန်း

ဟန္နိုင်း ဧပြီ ၂

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၁၀ခုနှစ်၌ စီးပွားရေးတိုးတက်မှုနှုန်း ၆ဒသမ ၅ ရာခိုင်နှုန်း ရရှိရန်ကြိုးစားဆောင်ရွက်သွားကြရေး ဗီယက်နမ်နိုင်ငံ ဝန်ကြီးဌာနများနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများကို ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ဧပြီ ၁ရက်၌ တိုက်တွန်းလိုက်သည်။

ပြောကြား

ဗီယက်နမ်နိုင်ငံ၏ ပထမလေးလတာ ကာလအတွင်း လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပြန်လည်သုံးသပ်ရေး ပုံမှန်အစည်းအဝေးကို ဟန္နိုင်းမြို့၌ ဧပြီ ၁ရက်ကကျင်းပရာ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ယင်းကဲ့သို့ တိုက်တွန်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

တိုးတက်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ လေးလတာ ကာလအတွင်း စီးပွားရေး တိုးတက်မှုနှုန်း ၅ဒသမ ၈၃ ရာခိုင်နှုန်းရှိခဲ့ရာ ယခင်နှစ်အလားတူ ကာလကထက် စီးပွားရေးတိုးတက်မှုနှုန်း ၃ဒသမ ၁၄ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ (အင်တာနက်)

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း

အမေရိကန်ရေတပ် ပင်လယ်ဓားပြများအားဖမ်းဆီး

နိုင်ရိုဘီ ဧပြီ ၂

အမေရိကန်ရေတပ်သည် ဆေးရှဲလ်ကျွန်းစုများအနီး၌ ပင်လယ်ဓားပြများနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပင်လယ်ဓားပြငါးဦးကို လက်ရဖမ်းဆီးမိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဧပြီ ၁ရက်၌ ဖော်ပြသည်။

ဖမ်းဆီး

၎င်းတို့ကို အမေရိကန်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားမည်ဟု ယူဆရကြောင်းနှင့် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

မြင့်တက်လာ

အာဖရိကကမ်းလွန် အထူးသဖြင့် ဆိုမာလီယာနိုင်ငံအနီးရေပြင်၌ ပင်လယ်ဓားပြမှုများ ပြန်လည်ခေါင်းထောင်လာခဲ့သည့်အပြင် ပြန်ပေးငွေများ ဒေါ်လာ ထောင်ချီခဲ့ရာမှ သန်းနှင့်ချီသည်အထိ တိုးမြှင့်တောင်းခံလာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ နိုင်ငံတကာ စာအုပ်ပွဲတော်ကျင်းပနေသည်ကို ဧပြီ ၁ ရက်ကတွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါလက်စတိုင်း၌ ဥမင်လိုဏ်ခေါင်း ဖောက်ခွဲမှုဖြစ်ပွား

ကိုင်ရို ဧပြီ ၂

အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဂါဇာနှင့် အီဂျစ်နယ်စပ်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခုကို ဖောက်ခွဲရာမှ ပြင်းထန်စွာပေါက်ကွဲပြီး ပါလက်စတိုင်းလေးဦး ဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်း ဆေးဘက်သတင်းရပ်ကွက်က ဧပြီ ၁ရက်၌ ပြောကြားသည်။

ပျက်စီး

ယင်းပေါက်ကွဲမှုကြောင့် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖားဒေသအနီး အယ်လ်ဘရာဇီးရှိ နေအိမ်အများအပြား ပျက်စီးသွားရကြောင်းလည်း သတင်းရရှိသည်။ (အင်တာနက်)

တောင်ကိုရီးယားထုတ်ကုန် ပြည်ပဝယ်လိုအား မြင့်တက်

ဆိုးလ် ဧပြီ ၂

တောင်ကိုရီးယားနိုင်ငံသည် မတ်လအတွင်း ပြည်တွင်းထုတ်ကုန်များအပေါ် ပြည်ပမှ ဝယ်လိုအား ဆက်လက်ကောင်းမွန်သည့်အတွက် ကုန်သွယ်ရေးပိုငွေပြမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံ ရှိကြောင်း ဧပြီ ၁ရက်၌ အစိုးရအဖွဲ့က ကြေညာသည်။

တောင်ကိုရီးယားနိုင်ငံ၏ နှစ်ချင်းအလိုက် ပို့ကုန်ပမာဏတိုးမြှင့်မှုမှာ မတ်လအတွင်း ၃၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၃၇ဒသမ ၆၈ဘီလီယံ အထိရောက်ရှိပြီး သွင်းကုန်ပမာဏ တိုးမြှင့်မှုနှုန်းမှာ ၄၈ ဒသမ ၄ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၄၉ ဘီလီယံ အထိရှိကြောင်း စီးပွားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

ရှင်းတမ်း

တောင်ကိုရီးယားနိုင်ငံ၏ မတ်လ ကုန်သွယ်ရေးရှင်းတမ်းတွင် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ပြသည့် ဖေဖော်ဝါရီလကထက် အနည်းငယ်မြင့်တက်ခဲ့ကြောင်းတွေ့ရှိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်နှင့် ဆူဒန်လေယာဉ်များ အီးယူနိုင်ငံများသို့ဝင်ရောက်မှု ပိတ်ပင်ခံရ

မိုဂါဒစ်ရှူး ဧပြီ ၂

ဆူဒန်နှင့် ဖိလစ်ပိုင်လေကြောင်းဌာနမှ လေယာဉ်အားလုံး ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများသို့ ဝင်ရောက်မှုကို အီးယူအာဏာပိုင်များကပိတ်ပင်ကြောင်း ဧပြီ ၂ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စိုးရိမ်မကင်း

ယင်းသို့ပိတ်ပင်ရသည့်အကြောင်းရင်းမှာ လေကြောင်းလိုင်းများ၏ လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှုကြောင့်ဖြစ်သည်ဟု မတ် ၃၀ ရက်၌ ကြေညာသည်။ ယင်းပိတ်ပင်မှုကြောင့် ဖိလစ်ပိုင်လေကြောင်းဌာနများအတွက် ထိခိုက်နစ်နာစေသည်။

စံချိန်စံညွှန်း

ဆူဒန်လေကြောင်းဌာနသည်လည်း ဖော်ပြပါတားမြစ်မှုတွင် အကျုံးဝင်လျက်ရှိသည်။ ယင်းလေကြောင်းဌာနများသည် နိုင်ငံတကာလုံခြုံရေးစံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိဟု ဥရောပကော်မရှင်က ဖော်ပြသည်။ (အင်တာနက်)

အစ္စရေးတပ်ဖွဲ့များ ပါလက်စတိုင်းနယ်မြေ ကျူးကျော်ဝင်ရောက်

ပါလက်စတိုင်း ဧပြီ ၂

ပါလက်စတိုင်း အာဏာပိုင်များက ရာဝါဘီဟုခေါ်သည့် ပါလက်စတိုင်းမြို့တစ်မြို့ တည်ဆောက်ရန် စီစဉ်ထားသည့် ပါလက်စတိုင်းပိုင်မြေဧရိယာနှင့် မူလအဆောက်အအုံများကို အစ္စရေးတပ်ဖွဲ့များက မတ် ၃၀ ရက်၌ ကျူးကျော်ဝင်ရောက်လာကြောင်း သတင်းရရှိသည်။

အဆိုပါနေရာများတွင် အစ္စရေးအလံများလွှင့်၍ နယ်မြေသိမ်းပိုက်ရေး ကြိုးပမ်းခဲ့ကြပြီး ဆုတောင်းပွဲများလည်း ပြုလုပ်ခဲ့ကြသည်။

(အင်တာနက်)

အမျိုးအစား

အမေရိကန်နိုင်ငံ နယူးယောက်မြို့ နိုင်ငံတကာကားပြပွဲ၌ စမတ်မော်တော်ကား ပါဝင်ပြသထားသည်များကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဒမတ်စကတ်မြို့ဟောင်းအနီး ယဉ်ကျေးမှုထိန်းသိမ်းရေးဇုန် တည်ဆောက်မည်

ဒမတ်စကတ် ဧပြီ ၂

ဆီးရီးယားယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သမိုင်းဝင်ရှေးဟောင်းမြို့တော်ဖြစ်သော ဒမတ်စကတ်မြို့ ရှေးဟောင်းနေရာများအနီး၌ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးဇုန်တစ်ခု တည်ဆောက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း ဆီးရီးယားအာရပ်အသံလွှင့်ဌာနက ဧပြီ ၁ရက်၌ သတင်းထုတ်လွှင့်သည်။

ဆုံးဖြတ်

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင်ပါဝင်သည့် အဆိုပါ မြို့ဟောင်းနေရာ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်နှင့် စပ်လျဉ်း၍ ပထမဆုံးအကြိမ်အဖြစ် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု ဒမတ်စကတ်ရှေးဟောင်းပစ္စည်းများဆိုင်ရာ ညွှန်ကြားရေးမှူး ဂါဝန်ရာဟီက ပြောကြားသည်။

နည်းလမ်းရှာဖွေ

အဆိုပါအထူးထိန်းသိမ်းစောင့်ရှောက်ရေးဇုန် သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ၁၉၉၇ခုနှစ်အတွင်းက အဆိုပြုထားခဲ့ခြင်းဖြစ်ပြီး ဒေသခံများ၏ လူနေမှုဘဝကို မထိခိုက်စေဘဲအဆိုပါဇုန်တည်ဆောက်နိုင်မည့် နည်းလမ်းရှာဖွေရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရှန်ဟိုင်း၌ မြူထူထပ်စွာကျဆင်း သင်္ဘောများ သောင်တင်လျက်ရှိ

ရှန်ဟိုင်း ဧပြီ ၂

တရုတ်ပြည်အရှေ့ပိုင်း အထင်ကရဆိပ်ကမ်းမြို့ ရှန်ဟိုင်းတွင် မြူများထူထပ်စွာ ကျဆင်းခြင်းကြောင့် နိုင်ငံတကာကုန်သင်္ဘော အစင်း ၉၀ သောင်တင်နေခဲ့ကြောင်း ဆိပ်ကမ်းအာဏာပိုင်များက ဧပြီ ၁ရက်၌ ပြောကြားသည်။

ရာသီဥတု ဆိုးရွားမှုသတိပေးချက်ကြောင့် သင်္ဘောများ ရောက်ရာနေရာ၌ ကျောက်ချရပ်တန့်ထားရသည်။ ယခုနှစ်သည် မြူကျဆင်းမှုအဆိုးရွားဆုံးဖြစ်ပြီး ဆိပ်ကမ်းများကို ခေတ္တပိတ်ထားရကြောင်း ဆိပ်ကမ်းအာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သစ္စာလမ်းသစ်ဖွင့်

မြဝတီ ဧပြီ ၂

မြဝတီမြို့ အမှတ် (၄)ရပ်ကွက် သစ္စာလမ်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကတ္တရာလမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကုန်ကျခဲ့

အဆိုပါလမ်းတွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် အလျား ပေ ၅၉၀၊ အကျယ် ၁၄ပေရှိ လမ်းပိုင်းကို ကုန်ကျငွေကျပ်သိန်း ၇၀အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အလျားပေ ၁၂၀၀၊ အကျယ် ၁၄ပေရှိလမ်းပိုင်းကို ငွေကျပ် ၁၁၅၁၂၀၈၀ အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

တာမွေမြို့နယ် ကျောက်မြောင်း ဌေးကြွယ်ရပ်ကွက် ဇောတိကလမ်း အမှတ် ၃၉ နေ ဗိုလ်မှူးကျော်စိုး-ဒေါက်တာ ဒေါ်ဥမ္မာဆင့်၊ သား မောင်ဝင်းထက်၊ သမီး မခင်သီတဂူကျော်စိုးမိသားစုက ဗိုလ်မှူးကျော်စိုး၏ (၄၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ သူနာပြုအုပ်ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်မာ မာအေးတို့က လက်ခံယူကြစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

တန့်ဆည်မြို့နယ် အတွင်းရှိ ဒေါင့်ကြီး-အင်ကုက္ကားကျေးလက် ကတ္တရာလမ်းအပိုင်းကို အလှူရှင် ဦးထွန်းလှိုင်- ဒေါ်ခင်ကြည်တို့၏ လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင် ကြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်စာစောင်များတိုးပွားရေး မိုးမောက် ပြန်/ဆက်ဆွေးနွေး

မိုးမောက် ဧပြီ ၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် ခတ်ပုံ ကျွမ်းကျင်(၂) ဦးမလန်လာလွမ်သည် မတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲက ကျရီဒဂေါ်အုပ်စု ကျရီဒဂေါ်ကျေးရွာသို့ရောက်ရှိပြီး စာကြည့်တိုက်အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာအုပ် စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူရေးတို့ကို ဆွေးနွေး ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒေါ့ဖုန်းယန်တွင် အခြေခံမီးသတ်သင်တန်းဖွင့်

ဒေါ့ဖုန်းယန် ဧပြီ ၂

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မတ် ၂၉ရက် နံနက် ၉ နာရီက အခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းလင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲစခန်းမှူးရဲအုပ်ကျော်မိုးဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့ ဆရာကြီးဦးကံသာကျောင်း ဆောက်လုပ်ပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်း

ညောင်လေးပင် ဧပြီ ၂

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဘုရားကြီးလမ်း အမက(ဆရာကြီးဦးကံသာကျောင်း) ကျောင်းဆောက်လုပ်ပြုပြင်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ်၂၉ရက်က အဆိုပါကျောင်း၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်စန်းစန်းရီတို့က ကျောင်းဆောက်လုပ်ပြုပြင်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်နာယကဆရာကြီး ဦးချစ်တင်က လက်ခံယူပြီး**(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့အထိကျောင်းသား ကျောင်းသူဟောင်းများနှင့် စေတနာရှင်များလှူဒါန်းငွေမှာ စုစုပေါင်းငွေကျပ် ၄၈၂၀၀၀၀ဖြစ်သည်။

လှူဒါန်းနိုင်

ဆရာကြီးဦးကံသာကျောင်း ပြန်လည်တည်ဆောက်ရေးအတွက် စေတနာရှင်များ အနေဖြင့် အလှူငွေများထည့်ဝင်လိုပါက ဆရာကြီးဦးချစ်တင်(ကျောင်းအုပ်ကြီး-ငြိမ်း) ဖုန်း-၀၅၂-၅၀၅၄၁၊ ဦးခင်မောင်ဝင်း ဖုန်း-၀၅၂-၅၀၀၉၉၊ ၀၉-၅၃၈၅၂၃၂၊ ဦးဝင်း ဖုန်း-၀၅၂-၅၀၅၅၈၊ ၀၉-၂၀၅၀၅၀၂၊ ဒေါ်ခင်သန်းဦး ဖုန်း-၀၅၂-၅၀၁၀၂၊ ၀၉-၅၃၈၅၃၂၇၊ ဦးအေးကျော် (၅၅၅-စတိုး)၊ ဘုရားကြီးလမ်း ဖုန်း-၀၅၂-၅၀၃၄၄၊ ဆရာမ ဒေါ်သင်းသင်းနီ ဖုန်း-၀၅၂-၅၀၂၄၂၊ ၀၉-၅၃၈၅၃၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်တွင် မတ် ၂၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရာ စံပြဥယျာဉ်ဈေးအတွင်း မီးငြိမ်းသတ်မှုပစ္စည်းများ၊ လျှပ်စစ်မီးဝိုင်ယာကြိုးသွယ်တန်းထားရှိမှု စနစ်တကျထားရှိခြင်းရှိမရှိကို မြို့နယ်သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် ဈေးတာဝန်ခံများက ကွင်းဆင်း စစ်ဆေးစဉ်။ (၁၁၆)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ရုရှားသမ္မတနှင့် တရုတ်ထိပ်တန်းအရာရှိတွေ့ဆုံ

ရုရှားနိုင်ငံ မော်စကိုမြို့သို့ အလည်အပတ်ခရီးရောက်ရှိနေသော တရုတ်ထိပ်တန်း အရာရှိ ဂူဘန်ဂိုးသည် ရုရှားသမ္မတ မက်ဗီဒက်နှင့် ဧပြီ ၂ရက်က တွေ့ဆုံကာ နှစ်နိုင်ငံ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ်ကာလတွင် အပြန်အလှန်ဆက်ဆံ ရေးတိုးတက်စေရန် ဆောင်ရွက်ရေးတို့နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း ရုရှား အရာရှိများက ပြောကြားသည်။

ဆေးလိပ်ကြောင့် နီပေါ၌ နှစ်စဉ် လူ ၁၅၀၀၀ခန့် သေဆုံး

နီပေါနိုင်ငံတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားပြီး နှစ်စဉ် လူပေါင်း ၁၅၀၀၀ခန့် သေဆုံးနေကြောင်း နီပေါကျန်းမာရေးအရာရှိများက ဧပြီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

ကာတာကုန်တင်သင်္ဘောအပိုင်စီးခံရ

ဆိုမာလီနိုင်ငံကမ်းလွန်ပင်လယ်ပြင်တွင် ကုန်ပစ္စည်းများတင်ဆောင်လာသည့်ကာတာ နိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းကို ဧပြီ ၂ရက်တွင် ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ ကြောင်း၊ သင်္ဘောပေါ်၌ရေနံထွက်ကုန်ပစ္စည်းများနှင့် သင်္ဘောသား၁၂ဦးပါရှိကြောင်း ကာတာအရာရှိများက ပြောကြားသည်။

နျူကလီးယားအတွက် အီးယူနှင့်အီရန် တွေ့ဆုံမည်

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာအသုံးပြုခြင်း အပေါ် အီးယူအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန်အသင့်ရှိကြောင်း အီရန်နျူကလီးယား ရေးရာအရာရှိများက ဧပြီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

ပီရူးအနောက်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

***ပီရူးနိုင်ငံအနောက်မြောက်ပိုင်း ကမ်းခြေဒေသများသို့ ဧပြီ ၂ရက်နံနက်က တစ်နာရီ မိုင် ၈၀ နှုန်း မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးသွားကြောင်း ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပီရူးအရာရှိများက ပြောကြားသည်။** (အောက်ပုံ)*

အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ ပထမအကြိမ်ဆွေးနွေး

အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ ဧပြီ ၂ရက်ကတွေ့ဆုံကာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်မှုတားဆီးကာကွယ်ရေးနှင့် အခြားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပထမဆုံး အကြိမ် ဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှား၌ A(H1N1) ဖြင့်သေဆုံးသူ ၃၇ ဦးရှိ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် A(H1N1)ရောဂါဖြင့် အမျိုးသားတစ်ဦး ဧပြီ ၂ရက်က သေဆုံးသွားခဲ့ရာ ယင်းရောဂါဖြင့် သေဆုံးသူဦးရေမှာ အင်ဒိုနီးရှား၌ စုစုပေါင်း ၃၇ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ အတက်အကျမရှိဘဲ တန့်လျက်ရှိရာ အမေရိကန် နယူးယောက်မြို့ဈေးကွက်၌ ဧပြီ ၂ရက်ဈေးပိတ်ချိန်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၁ဒသမ ၃၄ဒေါ်လာဖြစ်နေဆဲဟု သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားအနောက်ကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းကမ်းလွန်တွင် ဧပြီ ၂ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၂ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း အင်ဒိုနီးရှား အရာရှိများက သတင်းထုတ်ပြန်သည်။ ***(အင်တာနက်)***

● *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်းစဉ်)

ပြန်လည်မိတ်ဆက်

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ဆက်လက် လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် မေ(၂)ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)က လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားတွင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်စဉ်။
(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် လွှတ်တော် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဗီယက်အေအဖွဲ့ ဥက္ကဋ္ဌ Madame Pham Thi Loan နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ဗီယက်နမ်ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် လွှတ်တော် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဗီယက်အေအဖွဲ့ ဥက္ကဋ္ဌ Madame Pham Thi Loan နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက် စနာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းတင် လက်မှတ်ရေးထိုးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများကို ချီးမြှင့်ပြီး ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကမ္ပည်းမော်ကွန်းတင် လက်မှတ်ရေးထိုးသည်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ပြပွဲကျင်းပရေး ကော်မတီဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသူများသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မော်တော်ယာဉ်များ၌ အထိမ်းအမှတ် စတေကာ ကပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ကလေးဆေးရုံကြီးအတွက် Rotary Club of Essendon (Australia) မှ Mrs. Anne Roger က အမေရိကန်ဒေါ်လာ ၅၈၄၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ်(၁) ကလေးကျန်းမာ ပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကြူကြူခင် လက်ခံစဉ်။ (သတင်းစဉ်)

ဆေးရုံသုံးပစ္စည်း လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂

ရန်ကုန် ကလေးဆေးရုံကြီးသို့ Rotary Club of Essendon (Australia) က ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ Rotary Club of Essendon (Australia)မှ Mrs. Anne Roger က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမေရိကန်ဒေါ်လာ ၅၈၄၀၀ တန်ဖိုးရှိ ရောဂါရှာဖွေရာတွင် အရေးပါသော စက်နှင့်ဆေးရည်၊ အကြားအာရုံ စမ်းသပ် စစ်ဆေးသောစက်၊ ECG စက်နှင့် အခြားဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ်(၁) ကလေး ကျန်းမာပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာကြူကြူခင်က လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂

၁၉၉၂ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ဒဂုံတက္ကသိုလ်အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂၇ရက်(ကဆုန်လပြည့်နေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် ရဲထွန်းတင် ဖုန်း- ၀၉-၅၁၅၆၄၀၈၊ အေးအေးထွန်း ဖုန်း-၀၉-၅၁၁၅၅၀၈၊ လှဲလှဲဝင်းသန်း၊ ခင်လတ်လတ်ထွန်း ဖုန်း-၅၂၄၄၈၂၊ ၅၀၀၅၃၃၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၅၂၆၆၂၃၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁၁၉၉၁၇၊ အိမွှင့်ဖြူ ဖုန်း-၇၃၀၂၅၄၇နှင့် ခိုင်သူသူဆွေ ဖုန်း-၀၉-၅၅၅၇၅၄ တို့သို့ မေ ၁၂ ရက်နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

အမှာစကားပြောကြား

နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် ၁၃၇၁ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ နေပြည်တော် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် ဧပြီ ၂

၁၃၇၁ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ကော်မတီဝင်များ ဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ဟိုတယ်များနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများမှ အုပ်ချုပ်မှုဒါရိုက်တာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကား ပြောကြားရာတွင် ၁၃၇၁ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယခုနှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပသွားမည် ဖြစ်ကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ဗဟိုမဏ္ဍပ်တည်ဆောက်ပြီး ယိမ်းအကပြိုင်ပွဲများ၊ မဟာသင်္ကြန် မဏ္ဍပ်ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်ကိုးခုတို့ကလည်း ရေကစားမဏ္ဍပ်များ ဆောက်လုပ်ပြီး ရေကစားခြင်း၊ တေးဂီတများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ တေးဂီတဖျော်ဖြေမှုများ၊ ယိမ်းအကများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဝိုင်းဝန်းကူညီ

ထို့နောက်ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က နေပြည်တော်မှ ဟိုတယ်များအလိုက် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်များ ဆောင်ရွက်ထားရှိမှုများ၊ တေးဂီတ၊ အကများဖြင့် သီဆိုဖျော်ဖြေရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ထားရှိရန် လိုအပ်မှုများနှင့်စည်းကမ်းတကျပျော်ရွှင်စွာရေသဘင်ပွဲတော်ကိုဆင်နွှဲနိုင်ရေး ဟိုတယ်လုပ်ငန်းရှင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူတို့က မိမိတို့ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

စည်ကားသိုက်မြိုက်

ပထမအကြိမ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ၁၃၇၁ခုနှစ် မဟာသင်္ကြန် အကြိုနေ့(ဧပြီ-၁၃ရက်)မှ သင်္ကြန်အတက်နေ့ (ဧပြီ-၁၆ရက်)အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့်ဟိုတယ်ဇုန်ရှိဟိုတယ်များဖြစ်သော ရွှေနန်းတော်ဟိုတယ်၊ သင်္ဂဟဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်၊ ရွှေညှော့်သည် ဟိုတယ်၊ တော်ဝင်နေပြည်တော် ဟိုတယ်၊ ရတနာသိဃ်ဟိုတယ်၊ ရွှေမြန်မာ ဟိုတယ်၊ ရှိုင်ရယ်ကုမုဒြာဟိုတယ်၊ အမရ ဟိုတယ်တို့မှ မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်များ ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ယိမ်းအကအဖွဲ့များ၊ သီဆိုဖျော်ဖြေမှုများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်များနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများက သင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတနှင့်သဘင်အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုအစီအစဉ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ မဟာသင်္ကြန်ယိမ်းအကပြိုင်ပွဲများနှင့် မဟာသင်္ကြန်မဏ္ဍပ်ပြိုင်ပွဲများ ပြုလုပ်ပေးပြီး ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ၌ CROWN အမှတ်တံဆိပ်ထုတ်ကုန်များ ပြသလျက်ရှိ

ရန်ကုန် ဧပြီ ၂

Smart Business Group က ကြီးမှူး၍ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲ ၂၀၁၀ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၁ရက်မှ ၄ရက်အထိ ပြသလျက်ရှိရာ Asia Electronic Co., Ltd. က ပါဝင်ပြသလျက်ရှိသည်။

ပြသရောင်းချ

အဆိုပါ ပြခန်းတွင် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် CROWN အမှတ်တံဆိပ် TV, EVD, HEVD, AMPLIFIER နှင့် အင်ဒိုနီးရှားနိုင်ငံထုတ် အသံပိုင်းဆိုင်ရာစနစ်တွင် ထူးခြားကောင်းမွန်သည့် dat. အမှတ်တံဆိပ် SPEAKER များကို ပြသရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါ ထုတ်ကုန်များကို ရန်ကုန်ရုံးချုပ် အမှတ် ၂၀၄(ဘီ) ပထမထပ် စက်ရုံလမ်း တာမွေမြို့နယ် ဖုန်း-၂၀၀၉၅၈၊ ၂၉၀၃၈၅ အရောင်းပြခန်း အမှတ်(၈) ဝေဇယန္တာလမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၆၂၂၇၉၊ ဆားဗစ်စင်တာ အမှတ်(၁၀) မြေညီထပ် ၁၃၃လမ်း ရန်ကုန်မြို့ ဖုန်း-၀၉-၈၀၂၄၈၄၉တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံထူးရှင်ရွေးချယ်

နေပြည်တော် ဧပြီ ၂

ပြည်တွင်း အခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၅၅) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ် သိန်း ၁၀၀၀ ဆု

စ-၈၄၅၂၈၈

ကျပ် သိန်း ၅၀၀ ဆု

ဃ-၅၄၅၇၀၃

ကျပ် သိန်း ၃၀၀ ဆုများ

ည-၆၀၄၆၂၈ ဏ-၄၆၃၂၁၉

ဆုကြီးတစ်ဆုချင်း

ကျပ် သိန်း ၂၀၀ ဆုများ

စ-၁၂၃၃၀၈

ည-၉၆၅၁၃၇

ဍ-၂၀၇၈၄၁

ဗ-၄၂၅၂၀၅

ဋ-၁၄၆၇၂၅

ကျပ် သိန်း ၁၀၀ယူနစ်

(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဋ-၆၁၂၆၃၃

ဠ-၈၆၀၈၆၉

ထ-၈၈၉၆၃၉

ခ-၂၂၇၅၂၁

ဈ-၇၆၄၀၂၀

စ-၂၁၇၈၃၇

ထ-၉၂၁၃၃၂

ဍ-၁၃၆၆၉၁

ခ-၆၉၂၉၁၀

ဏ-၆၀၃၇၉၈

ဗ-၁၃၈၆၅၁

က-၃၃၅၉၅၇

ဒ-၇၂၁၀၇၉

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

သကျက် ရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဧပြီ ၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ယုဇနကုမ္ပဏီလီမိတက်တို့ သကျက်ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၁ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့သည် နားလည်မှုစာချွန်လွှာ (Memorandum of Understanding)များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)ကမာရွတ် ၁၉၉၀ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂

အထက(၂)ကမာရွတ် ၁၉၉၀ ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ် ၁၂ထပ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လက်မှတ်များကို ကိုအောင်နန္ဒ ဖုန်း-၀၉-၅၁-၆၀၉၀၅၊ ကိုစိုင်းစိုးထွန်းဦး ဖုန်း-၀၉-၅၁-၇၇၈၃၉ နှင့် ကိုခွန်ပြည်အေး ဖုန်း-၇၂၂၆၅၄၊ ၀၉-၅၁-၆၉၇၂၈တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် အပြန်အလှန်လဲလှယ်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည်တော်သို့ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ကို အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ

ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

အမြင်ချင်းဖလှယ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့သည် နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ပိုမိုမြှင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ စသည့် ကဏ္ဍများနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စ

ပျံသန်းခွင့်လက်မှတ် ပေးအပ်

ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း ရန်ကုန်-ဟန္နိုင်း တိုက်ရိုက် လေကြောင်းလိုင်း ပျံသန်းခွင့်ပြုသည့် လက်မှတ်ကို ဗီယက်နမ်လေကြောင်းလိုင်း ဥက္ကဋ္ဌထံ ပေးအပ်စဉ်။

(သတင်းစဉ်)

အလယ်ပိုင်းဒေသများ၌ နေ့အပူချိန်တိုးလာဖွယ်

နေပြည်တော် ဧပြီ ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၉ဒီဂရီစင်တီဂရိတ်မှ ၁၀ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ နေပြည်တော်(ရေဆင်း)နှင့် ဘားအံမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပလက်ဝမြို့နှင့် ဖလမ်းမြို့တို့တွင် ၀ဒသမ ၇၉လက်မစီ၊ လားရှိုးမြို့တွင် ၀ဒသမ ၅၅လက်မ၊ ကလေးမြို့နှင့် ကျောက်တော်မြို့တို့တွင် ၀ဒသမ ၅၁လက်မစီ၊ ပူတာအိုမြို့တွင် ၀ဒသမ ၃၉လက်မနှင့် မချမ်းဘောမြို့တို့တွင် ၀ဒသမ ၃၅လက်မတို့ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ဧပြီ ၃ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဧပြီလ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နှစ်နိုင်ငံ ဝန်ကြီးများနှင့် တာဝန်ရှိသူများ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

သိန်းစိန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

အမြင်ချင်းဖလှယ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့သည် နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ပိုမိုမြှင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ စသည့် ကဏ္ဍများနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

အပြန်အလှန်လဲလှယ်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် နှစ်နိုင်ငံမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ ဘဏ္ဍာရေး၊ ဆက်သွယ်ရေးနှင့် သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ (၇)ခုတို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ပေးအပ်

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Bank for Investment and Development of Vietnam (BIDV) ကုမ္ပဏီလီမိတက်၏ ရန်ကုန်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်ပြုသည့်လက်မှတ်ကို BIDV ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌအားလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ရန်ကုန်-ဟန္တိုင်း တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းခွင့်ပြုသည့်လက်မှတ်ကို ဗီယက်နမ်လေကြောင်းလိုင်း ဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Minister and Chairman of the Government Office of Vietnam, H.E. Mr. Nguyen Huan Phuc က အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ ပညာရေးအထောက်အကူပြုပစ္စည်းများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းအားလည်းကောင်း၊ Chairman of the Bank for Investment and Development of Vietnam(BIDV), Mr. Tran Bac Ha က ကွန်ပျူတာများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေလွင်အား လည်းကောင်း၊ Chief Executive Officer of the Hoa Sen Group of Vietnam, Mr. Le Phuoc Vu က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ကွန်ပျူတာများ ပေးအပ်

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေလွင်ထံ **Chairman of the Bank for Investment and Development of Vietnam (BIDV), Mr. Tran Bac Ha** က ကွန်ပျူတာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ Chief Executive Officer of the Hoa Sen Group of Vietnam, Mr. Le Phuoc Vu က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပျံသန်းခွင့် လက်မှတ် ပေးအပ်

ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း ရန်ကုန်-ဟန္တိုင်း တိုက်ရိုက် လေကြောင်းလိုင်း ပျံသန်းခွင့်ပြုသည့် လက်မှတ်ကို ဗီယက်နမ်လေကြောင်းလိုင်းဥက္ကဋ္ဌထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ **Minister and Chairman of the Government Office of Vietnam, H.E. Mr. Nguyen Huan Phuc** က အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ ပညာရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

င်ငံတော်
စ်သမ္မတ
Mr. Chu
တာဝန်
သည်။
ရှေးဦးစွာ
ချုပ်ကြီး

နီးကပ်နီးစပ်ပါလျှင်

တက္ကသိုလ်လှမောင်(ရေတာရှည်)

နီးကပ်နီးစပ်ပါလျှင် ရင်းနှီးကျွမ်းဝင် ခင်မင်သံယောဇဉ်ကြိုးတို့ ရစ်ပတ်ဖွဲ့နှောင် လာတတ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝမှာတုန်းက "အမျိုးသားနေ့ ဒို့နေ့ ဒို့နေ့" ဆိုပြီး တန်းစီလမ်းလျှောက် ကြွေးကြော် ဟစ်အော်ခဲ့ဖူးပါတယ်။ သို့သော် ကလေးဘဝက အမျိုးသားဆိုတာ ဘာလဲ၊ အမျိုးသားနေ့ဆိုတာ ဘာလဲ နားမလည်ခဲ့ပါ။ လွတ်လပ်ရေးနေ့ ကျပြန်တော့လည်း ပွဲလမ်းသဘင်တွေ၊ ဈေးတန်းတွေ၊ ပြေးပွဲပြိုင်ပွဲ၊ ကစားပျော်ရွှင်ပွဲတွေမှာ ပါဝင်ကြရင်း ပျော်ခဲ့ကြပါတယ်။ လွတ်လပ်ရေးဆိုတာ ဘာလဲမသိခဲ့၊ ပြည်ထောင်စုနေ့လည်း ထိုနည်းလည်းကောင်း၊ တပ်မတော်နေ့လည်း အလားတူ၊ အာဇာနည်နေ့ဘာလဲ၊ အလုပ်သမားနေ့ ဆိုတာကရော။

အထက်တန်းကျောင်းသားဘဝရောက်တော့ မှိန်မှိန်မှေးမှေး ရေးရေးရိပ်ရိပ်တော့ ဖြစ်လာခဲ့ပါတယ်။ ကျွန်တော်က ရေတာရှည်ဆိုတဲ့ မြို့ငယ်လေးမှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းတက် စာသင်ခဲ့ပါတယ်။ တိုင်းရင်းသားတို့၊ ပြည်ထောင်စုသားတို့အကြောင်း ကြားဖူးရုံမျှသာ၊ တိုင်းရင်းသားဆိုသူများကို မမြင်ဖူးခဲ့၊ တစ်ခါတစ်ရံ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းက ကရင်တိုင်းရင်းသား တချို့တလေ ဆင်းလာတာ ရှားရှားပါးပါး တွေ့ရဖူးပါတယ်။ ကရင်ခေတ်ဆိုတဲ့ ခေတ်တစ်ခေတ်ကို မှတ်မိနေပါတယ်။

ကရင်တပ်များဆင်းလာတော့ ကျွန်တော်တို့ကြောက်လွန်းလို့ ပုန်းခိုကျင်းထဲမှာ ပုန်းအောင်းနေရတာကို မှတ်မိနေဆဲပါ။ ရေတာရှည်မြို့ကို မီးတင်ရှို့လိုက်တော့ ကျွန်တော်တို့ မီးဟုန်းဟုန်းကြားက လွတ်ရာကျွတ်ရာကို ထွက်ပြေးခဲ့ကြရပါတယ်။ မြို့အနောက်ဘက် ရွှေဝက်တိုးဘုရားအနီးရောက်တော့ တစ်မြို့လုံး မီးဟုန်းဟုန်းတောက်နေပါပြီ။ ကိုယ့်အိမ်လေးရှိရာဆီက တက်လာတဲ့ မီးတောက်မီးညွန့်တွေ လှမ်းမျှော်ကြည့်ရင်း တရှိုက်ရှိုက် တလှိုက်လှိုက် ငိုချင်နေမိပါတယ်။ ဘာဖြစ်ကြတာလဲ၊ မြို့ကလည်း အငိုက်မိသွားတယ် ထင်ပါရဲ့။ ဝန်ထမ်းတွေ၊ ရဲအမှုထမ်းတွေပါ သတ်ဖြတ်ခံရပါတယ်။ ကျွန်တော့် သူငယ်ချင်းတချို့ရဲ့အဖေတွေ သေကုန်ကြပါတယ်။ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာ၊ ဘာဖြစ်ကြတာလဲ၊ ကလေးဘဝဆိုတော့လည်း ဘယ်လိုမှ မတွေးတတ်၊ ဘာကိုမှလည်းမသိ။

အခုအချိန် ပြန်စဉ်းစားကြည့်တော့မှ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ မနီးကပ် မနီးစပ်၊ ခင်မင်ရင်းနှီးမှု ကူးလူးဆက်ဆံမှုတွေ အားနည်းလို့ ဖြစ်တာပါလား၊ နီးကပ်နီးစပ်ခဲ့ပါလျှင် တိုင်းရင်းသားအချင်းချင်း တစ်ဦးသဘော တစ်ဦးနားလည်လို့ ခွင့်လွှတ်လို့ တကယ်ပဲ ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ခဲ့ကြရင် ဒီအဖြစ်မျိုးတွေ ပေါ်လာနိုင်မည်မဟုတ်ပါ။

ငယ်စဉ်က ကျွန်တော်တို့ကျောင်းသားတွေပင် တိုင်းရင်းသားညီအစ်ကိုတွေကို မတွေ့ဖူးခဲ့လေတော့ ကျေးလက်ဒေသများဆိုလျှင် ပိုပြီး အလှမ်းဝေးမှာ၊ ပိုပြီးသူစိမ်းဆန်နေမှာ အမှန်ပါပဲ။ တိုင်းရင်းသား စုပေါင်းအားနှင့်ပဲ အဲဒီခေတ်ဆိုးကြီးကို ဖြတ်သန်းကျော်လွှန်ခဲ့ရတာပါ။ မြောက်ဘက်က ကချင်တိုင်းရင်းသားတပ်တွေ ဆင်းလာတော့မှ ကချင်ကို မြင်ဖူးပါတယ်။ ကချင်အမျိုးသားတို့က အစိုးရဘက်က ကူတိုက်ပေးပါတယ်။ စစ်ပြေး စစ်ရှောင်ဘဝက ပြန်လာတော့ မီးလောင်ပြင်မြို့ကြီးက စိတ်မကောင်းစရာ၊ ဝမ်းနည်းစရာ၊ ဒါပေမယ့်လည်း မအေးချမ်းသေးပါဘူး။ အစိုးရက နေ့ပိုင်းမှာ တာဝန်ယူအုပ်ချုပ်ပြီး တောထဲကအဖွဲ့တွေက ညပိုင်းမှာ အုပ်ချုပ်ပါတယ်။ ရေတာရှည်မြို့က တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ မယ်ဒက်ဘုရားပွဲတော်ကာလမှာ နေ့ခင်းပိုင်း အစိုးရကတာဝန်ယူ၊ ညမှောင်ရီးတာနဲ့ ရဲဘော်ဖြူဆိုလား အလံနီဆိုလား ဘာအဖွဲ့မှန်းမသိပါဘူး၊ သူတို့က ဝင်ရောက်လာပြီး ပွဲခင်းမှာ တာဝန်ယူတယ်၊ အစိုးရကိုကူညီပြီး အတူပေါင်းတိုက်ခဲ့ကြတယ်ဆိုပြီး ဘယ်လိုဖြစ်ကြတာလဲ၊ အခုအချိန်ရောက်မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ တကယ်လိုအပ်ပါလားလို့ မြင်လာမိတယ်။

ထိုစဉ်က တပ်မတော်ကလည်း အင်အားနည်းသေးတယ်၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိခဲ့ရင် ဘယ်လိုမှကာကွယ်နိုင်ခဲ့မှာမဟုတ်ပါဘူး။ တပ်မတော်ဆိုတာလည်း ကာကွယ်နိုင်စွမ်းရှိရမယ်၊ တပ်မတော်ဆိုတာ စွမ်းရည်တွေပြည့်ဝနေမှ၊ ခေတ်မီနေမှ၊ နိုင်ငံသမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်ခေတ်မမီခဲ့လို့၊ ခေါင်းဆောင်တွေအားနည်းခဲ့လို့ သူ့ကျွန်ဖြစ်ခဲ့ရတာ ရင်နာဖွယ်ကောင်းစွာတွေ့မြင်ရပါမယ်။ ဘကြီးတော်မင်းလက်ထက်ကပင် နယ်ချဲ့ကျူးကျော်သိမ်းပိုက်မှုကို စတင်ခံခဲ့ရပါတယ်။ စစ်သူကြီးမဟာဗန္ဓုလကြောင့် သိက္ခာတက်ခဲ့တာမှန်ပေမယ့် အင်အားချင်းမယှဉ်သာတာကြောင့် ဆုံးရှုံးခဲ့ရတာလည်း အမှန်ပါပဲ။ ပုဂံမင်းလက်ထက်မှာ နိုင်ငံတစ်ဝက် ပေးလိုက်ရတယ်၊ နောက်ဆုံးသီပေါမင်းလက်ထက်မှာ ဘုရင်ကို ကြက်ကလေး ငှက်ကလေးဖမ်းသလို အလွယ်တကူ ဖမ်းဆီးသွားခဲ့ပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရတယ်။ ဂုဏ်သိက္ခာတွေညှိုးနွမ်းခဲ့ရပါတယ်။ ကိုယ့်နိုင်ငံကိုယ် ကာကွယ်နိုင်မှုစွမ်းအားတွေ ချို့ငဲ့ခဲ့လို့ ဒီအဖြစ်ဆိုးမျိုး ကြုံခဲ့ရတာပါလား။ ဒီတော့ ယခုအချိန်မှာ ကာကွယ်ရေးစွမ်းရည်တွေမြင့်မားအောင်၊ အရည်အချင်းတွေပြည့်ဝအောင်၊ တိုင်းရင်းသားတွေ တစ်သွေးတည်း တစ်သားတည်းဖြစ်အောင် ဦးတည်ဆောင်ရွက်ကြဖို့ အရေးကြီးလှပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားရယ်၊ တပ်မတော်ကာကွယ်ရေးစွမ်းပကားရယ် ပေါင်းမှ ကျွန်တော်တို့နိုင်ငံ ကမ္ဘာ့အလယ် ဝင့်ထည်ခံ့ညားနိုင်မှာ အမှန်ပါပဲ။

ကိုယ်ကိုယ်တိုင် တပ်မတော်ထဲ ရောက်လာတဲ့အခါကျတော့မှ ဒီသဘောတရားတွေ၊ ဒီရုပ်လုံးတွေ ပီပီပြင်ပြင်ပေါ်လာရပါတော့တယ်။ ဒေသအသီးသီး လှိုမြောင်အထပ်ထပ်၊ တောတောင်အရပ်ရပ် ဖြတ်သန်းလို့ တာဝန်တွေ ထမ်းဆောင်ခဲ့တဲ့ တပ်မတော်သားတွေအဖို့ တိုင်းရင်းသားတွေနဲ့ မဖြစ်မနေ နီးကပ်နီးစပ်လာခဲ့တယ်၊ ရင်းနှီးလာခဲ့တယ်၊ အနူးတို့၊ အဝါးတို့၊ ပေါ့တို့၊ မယ့်တို့၊ ဖထီးတို့၊ အမိုးတို့ သူတို့ဘာသာစကားနဲ့ အဖေ အမေ အစ်ကိုညီမခေါ် တိုင်းရင်းသားစကားလေးတွေ တတ်သမျှ၊ မှတ်သမျှ မပီကလာ ပြောဆိုဆက်ဆံတော့ သူတို့တွေ သဘောကျကြတယ်၊ ရင်းနှီးချစ်ခင်သွားကြတယ်၊ အဖေအမေတို့နဲ့ ဝေးနေရတဲ့ တပ်မတော်သားများအဖို့ ရောက်ရာဒေသမှာ အဖေအမေလို့ ခေါ်လိုက်ရတာ စိတ်တွေလန်း အားတွေ ရှိသွားပါတယ်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို ကျွန်တော်တို့ ခင်မင်နေမိပါပြီ၊ နမ်းခမ်းဘက်မှာ စစ်ဆင်ရေးဝင်စဉ်က ညီမတစ်ယောက်လိုခင်နေတဲ့ ရှမ်းအမျိုးသမီးလေးတစ်ယောက်ကို "ဒို့ပြန်မယ် ဝမ်းသာတယ်လား" လို့ အကဲစမ်း မေးမြန်းမိပါတယ် -

"ဒို့ ပြန်တော့မယ်၊ ဒို့ပြန်ရင်ဝမ်းသာမယ်လား"

"ဝမ်းသာတာပေါ့"

"ဟင် ဘာဖြစ်လို့"

"ဟုတ်တယ် အစ်ကိုတို့ပြန်ရင် ဝမ်းသာတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီနယ်မြေက မငြိမ်းချမ်းဘူး၊ သေနတ်သံဗုံးသံတွေကြားမှာ၊ အန္တရာယ်ရန်စွယ်တွေကြားမှာ တိုင်းပြည်တာဝန်တွေ ပင်ပင်ပန်းပန်းထမ်းဆောင်နေရတဲ့ အစ်ကိုတို့ကို မကြည့်ရက်လို့"

နီးကပ်နီးစပ်ပါလျှင် ရင်းနှီးကျွမ်းဝင် သံယောဇဉ်တွေ ပေါ်လာတာပါပဲ။ ကျွန်တော် တစ်ခါရေးဖူးပါတယ်။ ထီးတန်းကောလိပ်မှာ တစ်ခန်းတည်းအတူနေ၊ အတူ ကျောင်းတက်ခဲ့၊ ခင်မင်ခဲ့ရတဲ့ ကချင်အမျိုးသား သူငယ်ချင်းတစ်ယောက်အကြောင်း၊ သူက ကေအိုင်အေမှာ တပ်မဟာမှူးအဆင့် တာဝန်ယူခဲ့တယ်၊ သူတို့ကြီးစိုးရာ ခွင်ထဲ ကျွန်တော်ရောက်တဲ့အခါ သေနတ်သံတစ်ချက် မကြားခဲ့ရပါဘူး၊ နှစ်ဖက်လုံးမှာ ထိခိုက်ဆုံးရှုံးမှုတွေမရှိခဲ့ဘူး။ ကျွန်တော် အံ့အားသင့်ခဲ့မိပါတယ်။ နယ်မြေက သူတို့စည်းရုံးထားတဲ့နယ်မြေ၊ တိုက်ပွဲကြီးတွေ ဆင်နွှဲနေရတဲ့ နယ်မြေ၊ ကျွန်တော်တို့ရဲ့ ခိုင်မြဲတဲ့ သူငယ်ချင်းသံယောဇဉ်ကြောင့်ပဲလို့ ဒီနေ့အထိ မှတ်ယူနေမိပါတယ်။ တပ်မတော်သားကတော့ သတင်းရရင်၊ ရင်ဆိုင်တွေ့ခဲ့ရင် တာဝန်ကိုပဲ ဦးစားပေး ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်ရမှာပါပဲ။ သူ့ခွင်ထဲမှာပဲ သူအသက်ဆုံးရှုံးသွားတော့ သတင်းစာမှာ သူ့ပုံပါလာပါတယ်။ သူ့ဇနီး ပလောင်အမျိုးသမီးလေးနဲ့တွဲလို့၊ ဒီမှာလည်း တိုင်းရင်းသားတို့ရဲ့ နီးကပ်နီးစပ်ပါလျှင် သံယောဇဉ်အမျှင်တန်းကို သွားမြင်မိပါတယ်။

ဒီတော့ ခရီးတွေကွာလှမ်း လမ်းပန်းတွေခက်ခဲ တစ်ဦးနှင့်တစ်ဦး နီးကပ်နီးစပ်မှုတွေ မရှိဘူးဆိုပါလျှင် ထိုသံယောဇဉ်အမျှင်မျိုးတို့ ဘယ်လိုရောက်လာနိုင်ပါ့မလဲ။

ယခုတော့လည်း နယ်စပ်ဒေသတွေ၊ တိုင်းရင်းသားဒေသတွေ ဖွံ့ဖြိုးစည်ပင်နေပါပြီ၊ လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့နေပါပြီ၊ တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံနေကြပါပြီ၊ ယခင်ကလို အမြောက်သံ၊ သေမင်းခေါ်သံတွေ မကြားရတော့ပါဘူး။ တပ်မတော်တာဝန်တွေအရ နယ်အနှံ့ရောက် တာဝန်တွေထမ်းဆောင်လာတဲ့အခါ တိုင်းရင်းသားတွေရဲ့ သံယောဇဉ်ကို ပိုမြင်လာခဲ့မိပါတယ်။ သင်တန်းဆင်းစ ရွှေဘိုမြို့မှာရှိတဲ့ ခြေလျင်တပ်ရင်းဟာ ကျွန်တော် တာဝန်စတင်ထမ်းဆောင်ရာ မိခင်တပ်ရင်းပါ၊ တပ်ရင်းက ကယားတပ်ကနေ အသွင်ပြောင်းလိုက်တာဆိုတော့ ကယားတိုင်းရင်းသားက အများစုပါ၊ တပ်ထဲရောက်စ အတွေ့အကြုံ နုနယ်သေးစဉ်ကာလက အတူလက်တွဲခဲ့ကြတဲ့ ကယားအမျိုးသားတပ်ကြပ်ကြီး မောင်မြတို့၊ တပ်ကြပ်ကြီး ထွန်းလှတို့ကို ကျွန်တော် ယနေ့တိုင် မမေ့နိုင်ပါ။ ရှေ့တန်းတစ်နေရာမှာ ကျွန်တော့်ရှေ့ကနေ အတင်းပစ်ခတ် တိုက်ခိုက်၊ ကျွန်တော့်အသက်ကို လုကယ်ခဲ့တာတွေများ ကျွန်တော် ဘယ်လိုမေ့နိုင်ပါ့မလဲ။

အရှေ့မြောက်ဒေသ ကိုးကန့်နယ်မြေ လုံထန်ဆိုတဲ့ သူတို့စိုးမိုးထားရာ ရန်သူ့နယ်မြေထဲက ဖောက်ထွက်ဖို့ ကြိုးစားရင်း တကွဲတပြား ဆုတ်ခွာရစဉ်ကလည်း ကချင်တိုင်းရင်းသား ဒုတိယအရာခံဗိုလ်ဂျိုင်းဝါလတို့၊ တပ်သားမရှနော်တို့ ကျွန်တော့်ကို အကျပ်အတည်းထဲကလွတ်အောင် အသက်ပဓာနမထား ကြိုးစားခဲ့ကြလို့ ရန်သူဗကပ လက်တွင်းက ကျွန်တော် လွတ်ခဲ့ရတာတွေကိုရော မေ့ပစ်လိုက်ရမလား၊ တိုက်ပွဲဆိုတာတော့ တရားသေ ပုံသေတွက်ထားလို့ မရပါဘူး။ သူရှုံးတဲ့အခါလည်းရှိတယ်၊ ကိုယ်အရေးနိမ့်ခဲ့ရတာတွေလည်း ကြုံရတယ်၊ တကယ်တော့ တိုင်းရင်းသားတို့ နေရာဒေသတွေမှာ မငြိမ်းမချမ်း ဆူပူသောင်းကျန်းမှုတွေ ရှိနေတာကိုက စိတ်မသက်သာဖွယ်ရာပါ။

အလားတူပါပဲ၊ တိုင်းရင်းသားတို့ တစ်ယောက်အခက်အခဲကို တစ်ယောက်က ကူခဲ့၊ ကယ်ခဲ့တဲ့ဇာတ်လမ်းတွေ အံ့မခန်းဖော်ပြလို့ပင် ကုန်နိုင်မည်မထင်ပါ။ ပဲခူးရိုးမမှာ စစ်ဆင်ရေးဝင်တော့ လဒကွင်းဆိုတဲ့ရွာလေးမှာ တိုက်ပွဲဖြစ်ပါတယ်။ ခြေတံရှည် အိမ်တစ်အိမ်ရဲ့အောက်မှာ ပေါင်တွင် ဒဏ်ရာရထားတဲ့ ဗကပ အမျိုးသမီးငယ် တစ်ယောက်၊ သူက ကျွန်တော့်ကို အနီးကပ်ကာဘိုင်နဲ့ ထိုးချိန်ထားတယ်၊ သူက လက်ဦးနေတယ်၊ သူ သေနတ်မောင်းခလုတ်ကို ဆွဲပါတော့မယ်၊ အချိန်တွေက မြန်ဆန်လွန်းတယ်၊ သိပ်အရေးကြီးနေပြီ ဒီအချိန်မှာ ကျွန်တော့်ညာဘက်ဘေးကနေ ကာဘိုင်အတွဲလိုက် ဆွဲသံကြားလိုက်ရပြီး အဲဒီအမျိုးသမီးလေး ခွေလဲကျသွားပါတယ်။ ကျွန်တော်လှည့်ကြည့်လိုက်တော့ ကျွန်တော့်နံဘေး ဘယ်အချိန်က ရောက်လာမှန်းမသိတဲ့ ကျွန်တော့် တပ်ခွဲမှူး ကချင်အမျိုးသားကြီး ဗိုလ်ကြီးအမ်ဇော်ယော်။

ဒီတော့ ကျွန်တော်တို့က ရင်းနှီးကြတာပေါ့၊ ဘာကြောင့်လဲ နီးကပ်နီးစပ်ခဲ့လို့ပဲ မဟုတ်ပါလား။ ရင်းနှီးတော့ တစ်ယောက်အကြောင်းတွေ တစ်ယောက်သိလာရတယ်၊ အပြန်အလှန်လေးစားမှုတွေနဲ့ တိုင်းပြည်ကာကွယ်ရေး ပူးပေါင်းပါဝင်ခဲ့ကြတယ်၊ နီးကပ်နီးစပ်လာတဲ့အခါ သံယောဇဉ်ကြိုးတွေ ရစ်ပတ်နှောင်ဖွဲ့လာခဲ့တယ်၊ သူတို့နဲ့တစ်သားတည်း တစ်ဆက်တည်း ဖြစ်လာတယ်၊ အချင်းချင်းတွေ နားလည်လာခဲ့ကြတယ်၊ တကယ်တော့ ဒါဟာ တကယ်လိုအပ်တာပါပဲ၊ နီးကပ်နီးစပ်မှု၊ ရင်းနှီးစွာ ကူးလူးဆက်ဆံမှု၊ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ထား ချစ်ခင်မှုလေးတွေ။

ယခုအခါမှာတော့ ဆူပူမှုတွေ ကင်းသွားပြီဆိုရပေမယ့် အမဲဖျက်ဖို့ အခွင့်အရေး ချောင်းနေသူတွေကလည်း နည်းမျိုးစုံနဲ့ရှိနေတော့ သတိလက်လွတ်လို့ မဖြစ်ပါဘူး။ အီရတ်၊ အာဖဂန်တို့မှာ ဖြစ်နေတဲ့အဖြစ်တွေက ကျွန်တော်တို့ တိုင်းပြည်ကာကွယ်ရေး ဘယ်လောက်အရေးကြီးသလဲဆိုတာ သက်သေပြနေကြပါတယ်၊ အမျိုးသားရေးတာဝန်တွေ ဘယ်လောက် အရေးကြီးကြောင်း၊ စည်းစည်းလုံးလုံးနေကြဖို့ ပြောပြနေကြသလိုပါပဲ။

ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်ကလေးတွေ ငြိမ်းအေးချမ်းသာစွာနေစေချင်တယ်ဆိုရင်တော့ ကျွန်တော်တို့အားလုံး စစ်ရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာသာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ သူ့ကျွန်မဖြစ်ရေးတွေအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ကာကွယ်သွားရမှာ ဖြစ်ပါတယ်။

ယခုအချိန်မှာတော့ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ခဲ့တုန်းကနဲ့ တခြားစီပါ။ သာယာဝပြော အေးချမ်းနေလိုက်တာများ။ ယခင်အိပ်မက်ဆိုးတွေကတော့ လွင့်စဉ်ကျန်ရစ်ခဲ့ပါပြီ။ ပြည်တွင်းသောင်းကျန်းမှု အရိပ်မည်းကြီးအောက်ကလည်း လွတ်မြောက်ခဲ့ပါပြီ။ အခြေခံကောင်းတွေ တည်ဆောက်နေပါပြီ။ အထူးစီမံကိန်းကြီးတွေ အကောင်အထည်ဖော်နေတော့ တိုင်းရင်းသားဒေသတွေလည်း အတိုင်းထက်အလွန် ဖွံ့ဖြိုးနေပါပြီ။ လမ်းပန်းဆက်သွယ်ရေးတွေ၊ သယ်ယူပို့ဆောင်ရေးတွေ၊ ကူးလူးဆက်ဆံမှုတွေ နေရာအနှံ့ အလွယ်တကူ သွားလာကူးသန်းဆက်ဆံ ရောင်းဝယ်ဖောက်ကားနေကြပါပြီ။

ရှေ့ဆက်ပြီးလည်း ကျွန်တော်တို့တပ်မတော်ကြီးကို ကာကွယ်ရေးစွမ်းအားတွေ မြှင့်တင်ပေးဖို့ လိုပါတယ်။ ပြည်ထောင်စုကြီးမပြိုကွဲအောင် တိုင်းရင်းသားအပေါင်း စည်းလုံးညီညွတ်နေဖို့လိုပါတယ်။ အဘိုးအဘွားတို့ အသက်သွေးတွေ ပေးဆပ် ရယူခဲ့ရတဲ့ အချုပ်အခြာအာဏာပိုင်မှု လွတ်လပ်ရေးကြီး မဆုံးရှုံးအောင်၊ ကျွန်ပြန်မဖြစ်အောင် စုပေါင်းညီညာကာကွယ်သွားရန် လိုအပ်လှပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာ တောင့်တင်းရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးရဲ့ အဓိက မူလပင်မတာဝန်ကြီးတွေ ဖြစ်ကြောင်းပါ။

နီးကပ်နီးစပ်ပါလျှင် ရင်းနှီးကျွမ်းဝင် ခင်မင်သံယောဇဉ်ကြိုးတို့ ရစ်ပတ်ဖွဲ့နှောင်လာတတ်တာ အမှန်ပါ။ ။

ကျွန်တော်တို့တပ်မတော်ကြီးကို ကာကွယ်ရေးစွမ်းအားတွေ မြှင့်တင်ပေးဖို့လိုပါတယ်။ ပြည်ထောင်စုကြီးမပြိုကွဲအောင် တိုင်းရင်းသားအပေါင်း စည်းလုံးညီညွတ်နေဖို့လိုပါတယ်။ အဘိုးအဘွားတို့ အသက်သွေးတွေ ပေးဆပ်ရယူခဲ့ရတဲ့ အချုပ်အခြာအာဏာပိုင်မှု လွတ်လပ်ရေးကြီး မဆုံးရှုံးအောင်၊ ကျွန်ပြန်မဖြစ်အောင် စုပေါင်းညီညာကာကွယ်သွားရန် လိုအပ်လှပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးရဲ့ အဓိကမူလ ပင်မ တာဝန်ကြီးတွေဖြစ်ကြောင်းပါ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မုံရွာ၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၂၆ရက်က (၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ ဘုန်းစိုးရပ်ကွက်၌ ကျင်းပသော သစ္စာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ သစ္စာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက်၌ ကျင်းပသော မကျီးကုန်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် တိုင်းမှူးသည် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာမြို့နယ် ရွာတုံစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စိန်ကြည် ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အလှူရှင်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူးက လက်ခံယူသည်။ **(သတင်းစဉ်)**

မကွေးဆရာတော်ကြီး၏ အန္တိမစျာပနသဘင်၌ တရားပွဲများကျင်းပမည်

နေပြည်တော် ဧပြီ ၂

ဘဝနတ်ထံပျံလွန်တော်မူသွားသော မကွေးဆရာတော်ကြီး၏ အန္တိမစျာပနသာဓုကီဠနသဘင်၌ မဟာဓမ္မပူဇာသဘင် တရားပွဲများကို ဧပြီ ၅ရက်မှ ၁၀ရက်အထိ ညစဉ် ၇နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ ဧပြီ ၅ရက်တွင်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ဧပြီ ၆ရက်တွင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ (မစိုးရိမ်တိုက်သစ်)၊ ဧပြီ ၇ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ ဧပြီ ၈ရက်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဧပြီ ၉ရက်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ တိက္ခ(ဝါခင်းကုန်းဆရာတော်)နှင့် ဧပြီ ၁၀ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)တို့က တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဆင်ယင်ကျင်းပမည်

စျာပနအစီအစဉ်အနေဖြင့် ဧပြီ ၁၁ရက် မွန်းလွဲ ၁နာရီတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်အတွင်း စံကျောင်းတော်ပင့်အခမ်းအနားကို လည်းကောင်း၊ ဧပြီ ၁၂ရက် မွန်းလွဲ ၂နာရီတွင် ယာယီစံကျောင်းတော်၌ အန္တိမ စျာပနအခမ်းအနား ကျင်းပပြီး ညနေပိုင်းတွင် မကွေးမြသလွန်ပွဲတော်ကွင်းအတွင်း၌ အန္တိမစျာပနသဘင်ကိုလည်းကောင်း ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နည်းပညာလေ့လာရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂

နေ့စဉ် စွန့်ပစ်အမှိုက်များမှနေ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းပညာနှင့် လုပ်ငန်းစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာရန် ရန်ကုန်တိုင်း ပြန်ဖြည့်မြဲစွမ်းအင်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်း(ငြိမ်း)၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဌာနမှူး ဦးချိုထွန်းအောင်၊ ဒဂုံဆိပ်ကမ်း စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးလွင် (CEC-MIA)တို့သည် တရုတ်နိုင်ငံရှိ ZHANGJAGANG LIAN-GUAN RECYCLING SCIENCE TECHNOLOGY Co.,Ltd. မှ ဖိတ်ကြားချက်အရ မတ် ၂၈ရက် ညနေက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွဋ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂

ကျောက်တန်းမြို့နယ်အသင်း၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်း မြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသော အသင်းဝင်များ၏ သား သမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရသော ကျောင်းသား ကျောင်းသူများ၊ အသင်းဝင် အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဂုဏ်ထူးဆောင် နာယက ဦးစိန်ထွန်းအောင် ဖုန်း-၅၇၀၈၅၉၊ ၀၉-၈၀၂၂၉၂၃၊ ဦးမြင့်စိန် ဖုန်း-၂၉၀၇၇၃၊ ဦးသင်းမောင် ဖုန်း-၆၅၂၀၆၅၊ ဦးချန်ဟိုး ဖုန်း-၆၈၂၈၈၄၊ ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉၊ ဒေါ်မြင့်မြင့်စီ ဖုန်း-၅၄၅၆၉၉၊ ဦးရဲထွဋ် ဖုန်း-၅၄၀၃၈၅၊ ဦးဝေလွင် ဖုန်း-၅၄၈၁၁၃၊ ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၆၄၅နှင့် ဦးချစ်ဆွေ ဖုန်း-၀၅၆-၂၅၂၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

မန်ယူနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်မည့် ပရီမီယာလိဂ်ပွဲစဉ်(၃၃) နောက်ဆုံးရသတင်းများ

မောင်မောင်မြင့်ဆွေ - စုစည်းသည်

လန်ဒန် ဧပြီ ၂

ပရီမီယာလိဂ်ပွဲစဉ် (၃၃) အဖြစ် မန်ယူနှင့် ချယ်လ်ဆီးတို့ အိုးထရက်ဖို့ဒ်၌ ဧပြီ ၃ရက် **(ယနေ့)** အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ၄င်းအသင်းတို့၏ နောက်ဆုံးရသတင်းများကို ဖော်ပြရပါလျှင်-

မန်ယူ

မန်ယူအသင်းတွင် တိုက်စစ်မှူးရွန်နေ ခြေချင်းဝတ်ဒဏ်ရာရရှိနေသဖြင့် ပါဝင်ကစားနိုင်ခြင်းမရှိပေ။ ရွန်နေ၏နေရာ၌ ဘာဘာတော့ဗ် ကစားမည်ဖြစ်သည်။

မန်ယူ၌ လက်ရှိဒဏ်ရာရရှိနေသော ကစားသမားများမှာ အန်ဒါဆင်၊ ဘရောင်းနှင့် ဝဲလ်ဘတ်တို့ဖြစ်ပြီး ယခုပွဲ၌ ပါဝင်နိုင်ဖွယ်မရှိကြချေ။

ဒဏ်ရာရရှိနေကြသော အိုဝင်ဟားဂရေ့ဗ်နှင့် အိုရှေးတို့ ဒဏ်ရာသက်သာပြီး ကြံ့ခိုင်မှုရှိနေပြီဖြစ်၍ ယခုပွဲ၌ ပါဝင်ကစားကြဖွယ်ရှိသည်။

ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ရန်အတွက် လျာထားရွေးချယ်ထားသော ကစားသမားများမှာ ဂိုး-ဗန်ဒါဆာ၊ နောက်တန်း-နဗီးလ်၊ ဗီဒစ်၊ အီဗန်နှင့် အီဗရာ၊ အလယ်တန်း-ဖလက်ချာ၊ ပေါလ်စခိုးနှင့် ဗလင်စီယာ၊ ရှေ့တန်း-ဘာဘာတော့ဗ်၊ ဂစ်နှင့် နာနီတို့ဖြစ်ကြောင်း မန်ယူကလပ်က သတင်းထုတ်ပြန်ထားသည်။

ချယ်လ်ဆီး

ချယ်လ်ဆီးတွင် ဒရော့ဘာ ပါဝင်ကစားမည်ဖြစ်သော်လည်း အနယ်လ်ကာကို တိုက်စစ် မြားဦးထားမည်ဖြစ်သည်။ ထို့အပြင် ဂျိုးလ်ကိုးကိုလည်း တွဲသုံးမည်ဖြစ်သည်။

ချယ်လ်ဆီး၌ ဘော့စင်ဝါ၊ အက်ဆီယံနှင့် အီဗန်နိုဗစ်တို့ ဒူးဒဏ်ရာများရရှိနေသည်။ တစ်ဖန် ကာဗယ်လ်ဟိုနှင့် အက်ရှ်လေကိုးတို့မှာလည်း ခြေချင်းဝတ်ဒဏ်ရာများရရှိနေသဖြင့် ပါဝင်ကစားနိုင်ဖွယ်မရှိချေ။

မန်ယူနှင့် ယှဉ်ပြိုင်ရန်အတွက် လျာထားသောကစားသမားများမှာ ဂိုး-ပီတာချက်၊ နောက်တန်း-ဖရဲယား၊ အဲလက်စ်၊ တယ်ရီ၊ ဇိုင်ရာကော့ဗ်၊ အလယ်တန်း-ဒေကို (ဘောလက်)၊ မီခေးလ်၊ လမ်းပတ်၊ ဂျိုးလ်ကိုး(ကာလူး)၊ ရှေ့တန်း- အနယ်လ်ကာနှင့် ဒရော့ဘာ(မာလူဒါ)တို့ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်ထားသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၀၅ ၇။ ကဗျာပန်းဥယျာဉ်
၈:၂၀ ၈။ ခါသကြီန်အဆိုအကများ
၈:၃၀ ၉။ **တော်ပါပေတယ် ဘွားဘွားရယ်**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Connect with English (Episode-36) "The Farm"
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ ခါသကြီန်အဆိုအကများ
၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၃၀ ၅။ Yan Can Cook
၁၃:၄၅ ၆။ ခါသကြီန်အဆိုအကများ
၁၄:၀၀ ၇။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ**
၁၄:၃၀ ၈။ အတီးပြိုင်ပွဲ
၁၄:၄၅ ၉။ International News

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Cup ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (မနော်မြေ F.C နှင့် ကမ္ဘောဇ F.C)
၅:၄၅ ၂။ ခါသကြီန်အဆိုအကများ
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ် **ခြူးသက်နွယ်** (ဒါရိုက်တာ- ခေတ်ဘုန်းမိုး)
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂၄)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၂)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၈)
၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
၁၄။ အစီအစဉ်ပြီး၏။

၂၀၀၉-၂၀၁၀ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ၁၆၇၁၈ ဒသမ ၈၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် ဧပြီ ၂

၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၀ ခုနှစ် မတ် ၂၂ရက်အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ဘိန်းခင်း ၁၅၃၈၃ ဒသမ ၈ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီးနိုင်

မတ် ၂၂ရက်မှ မတ် ၃၁ရက်အတွင်း ဘိန်းခင်း ၁၃၃၅ ဒသမ ဝ၄ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းဘိန်းခင်း ၁၆၇၁၈ ဒသမ ၈၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၁၃၃၅ ဒသမ ဝ၄ဧကအနက် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း ၄၅ ဒသမ ၅ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံ၊ ပင်လောင်းနှင့် ဆီဆိုင် မြို့နယ်အတွင်း ၁၃၄ ဒသမ ၉၅ဧက၊ ကချင်ပြည်နယ် ဝိုင်းမော်နှင့် တနိုင်းမြို့နယ်အတွင်း ၁၁၅၄ ဒသမ ၅၉ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

အဖ ဦးမိုးဝင်း၏သား မြဝတီမြို့ (အထက)ပထမတန်းမှ မောင်သန်း အောင်အား ယနေ့မှစ၍ မောင်သန့် ဇင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဇင်ထက်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၅၀(သဃက)၊ မြေကွက်အမှတ် ၇၅၊ မြေကွက်တည်နေရာ အမှတ်(၅)၊ ယုဝလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်း မာမက်အီဗရာဟင် CG-၀၁၆၂၇၂ အမည်ပေါက် မြေပိုင်မြေ (လ/န ၃/ခ) မြေအား အမည်ပေါက် မာမက်အီဗရာဟင် ကွယ်လွန်သဖြင့် ဘီလစ်ဒေါ်အေးအေးသိန်း က ၂၀၀၉ခုနှစ် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ တရားမကြီးမှုအမှတ်-၉၇ ယင်းရုံး၏ ဇာရီမှုအမှတ် ၂၀၄/၁၀နှင့် ယင်းရုံး၏ ၂၂/၂/၁၀ရက်စွဲပါ ဘီလစ်ခန့် စာတို့ကို တင်ပြပြီး အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့ပုဏ္ဏားစုရပ်ကွက်၊ မော်ကန် ၁၉ လမ်း၊ အမှတ် ၄၃၇ နေ မောင်မိုး ကျော်ချစ် ၇/ပခန(နိုင်)၂၄၉၄၇၅သည် ဘိုးဘွားမိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်ဆိုးသွမ်းနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

ဖခင်-ဦးသန့်ဇင်
၇/ပခန(နိုင်)၁၆၉၇၂၂။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၂၄

မန်နေဂျာ **နှင့်** ၁။ ဒေါ်မြကြည်
မြန်မာ့စီးပွားရေးဘဏ် ၂။ မပန်းမြိုင်
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၄၂၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ ခုနှစ် မေ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်း(၁၀၁၀/ရွာကြီးတောင်)၊ ဦးပိုင်အမှတ်(၅၂)၊ မြေကွက်အမှတ်(၅၂)၊ ဧရိယာ ၀ ဒသမ ၂၅၃ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၄×၂၄)ပေသွပ်မိုး နှစ်ထပ်တိုက်၊ (၃၆×၂၄)ပေ ရက်ကန်းစက်ရုံ၊ (၂၈×၁၂)ပေ သွပ်မိုးအုတ်ကာ မီးဖိုချောင်၊ (၁၂×၆) ပေ ရေချိုးခန်း၊ အုတ်ကန် ရေစင်နှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် မတ်၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နုယဉ်
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျောက်ဆည်ခရိုင်တရားရုံး
၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၃

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးလှသိန်း
ကျောက်ဆည်မြို့။ ၂။ ဒေါ်မြမြဝင်း
တရားနိုင် **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် မေ ၇ရက်(မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကျောက်ဆည်မြို့၊ စုကြီးရပ်၊ ဦးပိုင်အမှတ် (၁၁၀-ခ)၊ အကွက်အမှတ် ၂၆၊ ဧရိယာ၀ဒသမ၀၂၈ဧကရှိ ဂရန်ပိုင်းမြေနှင့် ယင်းမြေပေါ်ရှိ (၂၅ဒသမ၆×၂၅ ဒသမ၆×၁၈)ပေရှိ သွပ်မိုး၊ ၄½ လက်မထု အုတ်ညှပ်နံရံကာ အောက်ထပ် တစ်ပေအမြင့် ကွန်ကရစ်ကြမ်းခင်း အပေါ်ထပ် သစ်မာလျှာထိုးပျဉ်ခင်း နှစ်ထပ် နံကပ်တိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ် ၂၄၅သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျင်တင်
ခရိုင်တရားသူကြီး
ကျောက်ဆည်ခရိုင်တရားရုံး။

တရားမပုံစံအမှတ်-၁၃၄

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
မန္တလေးတိုင်းတရားရုံး
၂၀၁၀ခုနှစ် တရားမအသေးအဖွဲ့မှု အမှတ်-၉

၁။ ဦးကျော်ညွန့်
ဈေးကုန်းရပ်၊ အနီးစခန်းရွာ၊
ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။
၂။ ဦးတင်ရွှေ
အကွက် (၆၇၈)၊ စကြာနွယ်စဉ်ရပ်
၃၅-အေလမ်း၊ ၇၄×၇၅လမ်းကြား
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူများ**

ကွယ်လွန်သူ ဟာဂျီဦးအီဗရာဟင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်၊ အကွက်နံပါတ် ၆၄၁၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဟာဂျီဦးအီဗရာဟင်၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးကျော်ညွန့်နှင့်ဦးတင်ရွှေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၀ ခုနှစ် မေ ၃ရက် (၁၃၇၂ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဟာဂျီဦးအီဗရာဟင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၀ခုနှစ် မေ ၃ရက်(၁၃၇၂ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးကျော်ညွန့်နှင့်ဦးတင်ရွှေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၀ခုနှစ် မတ် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရေနံချောင်းမြို့ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ဆောင်ရွက်

ရေနံချောင်း မတ် ၂၅

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် ရွှေကြာငုံရပ်ကွက် လမ်းမတော် ရေမြောင်းတူးဖော်ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၁၀ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ချောက်မြို့နယ် ကြီးနီကျေးရွာ စက်ရေတွင်းသစ်ဖွင့်

ချောက် မတ် ၃၀

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် သွေးနက်ကျေးရွာအုပ်စု ကြီးနီကျေးရွာ လေးလက်မစက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာစက်ရေတွင်းသစ် ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ကြီးနီကျေးရွာ စက်ရေတွင်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကြီးနီကျေးရွာစက်ရေတွင်းသစ်သည် လေးလက်မပိုက်၊ အနက်ပေ ၆၀၀မိုနိုပန့်အမျိုးအစားဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန် ၂၀၀၀ဖြစ်သည်။ ၎င်း စက်ရေတွင်းသစ်တူးဖော်ပေးခြင်းအားဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၇၀ရှိလူဦးရေ ၁၅၅၀ သောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်ကြပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော လေဆိပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မတ် ၁၉ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုးနေလင်းတို့က ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝမ်းတွင်းဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြခြင်းတို့ကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်းအား ဂုဏ်ပြုကြိုဆို



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းသည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် နေပြည်တော်ဟိုတယ်ဇုန် ရွှေနန်းတော်ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ●